# သမဝါယမ နှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# ဧရာဝတီတိုင်းဒေသကြီး၊မအူပင်ခရိုင်

# ဓနုဖြူမြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

# Village Development Plan(VDP)




## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan(VDP)

## ပုကွန်ကျေးရွာအုပ်စု၊ပုကွန်ကျေးရွာ

## မာတိကာ


၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာအုပ်စုမြေပုံ

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာသမိုင်းကြောင်း

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သောPRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၆.၁။ ကျေးရွာလူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ(Social and Resource Map)

၆.၂။ ရာသီခွင်ပြ -ပြက္ခဒိန်(Seasonal Calender)

၆.၃။ ဉ စ္စာခနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း(Wealth Ranking)

၆.၄။ ကျား-မပင့်ကူအိမ်သုံးသပ်ခြင်း(Spider Diagram)

၆.၅။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း(Asset Mapping)

၆.၆။ အဖွဲ့အစည်းချိတ်ဆက်မှုဇယား(Venn Diagram)

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာကော်မတီဝင်များစာရင်း

၉။ ကျေးရွာအခြေခံအချက်အလက် ပုံစံ စ-၁(PC-1)

၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား ပုံစံ စ-၂(PC-2)

၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ပုံစံ စ-၃(PC-3)

၁၂။ ကျေးရွာအခြေခံအချက်အလက် ပုံစံ စ-၁(PC-1)

၁၃။ စီမံကိန်းစက်ဝန်းအချိန်ဇယား ပုံစံ စ-၂(PC-2)

၁၄။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ပုံစံ စ-၃(PC-3)

၁၅။ ကျေးရွာပထမအကြိမ် အစည်းအဝေးမှတ်တမ်း

၁၆။ ကျေးရွာဒုတိယအကြိမ် အစည်းအဝေးမှတ်တမ်း


၁၇။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ


၂၀၁၉ ခုနှစ် ခနဖြူမြို့နယ်

# မြို့နယ်မြေပုံ


ဓနုဖြူမြို့နယ်
N
W
E
S
ဓနုဖြူမြို့နယ်
ဧရာဝတီတိုင်းဒေသကြီး
စကေး ၁.လက်မ = ၁.မိုင်
ဟင်္သာတမြို့နယ်
ဇလွန်မြို့နယ်
ပန်းတနော်မြို့နယ်
ညောင်တုန်းမြို့နယ်
ညွှန်ပြချက်
၁။တိုင်းနယ်နမိတ်
၂။ခရိုင်နယ်နမိတ်
၃။မြို့နယ်နယ်နမိတ်
၄။ကျေးရွာအုပ်စုနယ်နမိတ်
၅။မြစ်ချောင်း/တူးမြောင်း
၆။ကားလမ်း
၇။ရထားလမ်း

ကျေးရွာအုပ်စုမြေပုံတည်နေရာ



၂၀၁၉ ခုနှစ်

ဓနုဖြူမြို့နယ်

# ကျေးရွာသမိုင်းကြောင်း

ပကွန်ကျေးရွာတွင် ရှေးယခင်က ပွန်လူမျိုးများနေထိုင်ခဲ့ကြပါသည်။ ရွာ၏အနေအထားမှာ ပကွန်တောင်၊မြောက်၊ရွာသစ်ပိုင်းဟူ၍ခွဲခြားသတ်မှတ်ထားပါသည်။ ပကွန်တောင်နှင့်မြောက်ကို ချောင်းရိုးနစ်ခုဖြင့်ပိုင်းခြားထားပါသည်။ ပကွန်ကိုပွန်ဘာသာဖြင့်ပါကိုနစ်ဟုခေါ်ပြီးကွန်ကိုရွာဟူ၍ အဓိပ္ပါယ်ဖြင့်ပါကွန်ဟူ၍ ခေါ်တွင်ခဲ့ပါသည်။ ယခုအခါပါကွန်မှပကွန်ဟူ၍ပြောင်းလဲခေါ်တွင် လာကြပါသည်။ ပကွန်ကျေးရွာသည်ဧရာဝတီတိုင်းဒေသကြီး၏ အဆုံးရန်ကုန်တိုင်းဒေသကြီးနှင့် နယ်နိမိတ်ခြင်းထိစပ်နေသော နေရာတွင်တည်ရှိပါသည်။ ပကွန်ကျေးရွာတွင်ပွန်မင်းသမီး ဥမ္မာဒါနီတည်ထား ကိုးကွယ်ခဲ့သော သမိုင်းဝင်ကျိုက်ကိုးစေတီတော်မြတ်ကြီးတည်ရှိပါသည်။ ဘုန်းတော်ကြီးကျောင်းလေးကျောင်းတည်ထားကိုးကွယ်ကြပါသည်။ ပညာအားမာန်စာကြည့်တိုက်ကြီးလည်းခန့်ညားထည်ဝါစွာတည်ရှိပါသည်။ရွာလယ်လမ်းမကြီးကိုရှေးယခင်ကဘိုးဘွားများခင်းထားခဲ့သောအုတ်လမ်းများမှာနစ်ကာလကြာမြင့်လာသဖြင့်ပျက်စီးယိုယွင်းလာပါသည်။ပကွန်ကျေးရွာ သည်မြေနိမ့်ပိုင်းဖြစ်သောကြောင့် နစ်စဉ်ရေကြီးသောသဘာဝဘေးဒါဏ်ကိုခံစားကြရပါသည်။ ၂၀၁၅-၂၀၁၆ခုနှစ်တွင် ရေအလွန်ကြီးသောကြောင့် နေရေးထိုင်ရေးများအလွန်ပင် ဒုက္ခခံစား ခဲ့မရပါသည်။ အခြေခံပညာမူလတန်းကျောင်းရှိသဖြင့် ကျောင်းသားကျောင်းသူများ စာပေသင်ကြားရန် သွားလာရေးတွင်အလွန်ပင်ခက်ခဲလှပါသည်။ ရွာတောင်ပိုင်းနှင့်မြောက်ပိုင်းကို ဆက်သွယ်ထားသော ချောင်းကူးတံတားလေးမှာလည်း ဟောင်းနွမ်းပျက်စီးနေသောကြောင့် ကူးသန်းသွားလာရာတွင် အလွန်ပင်အန္တရာယ်ရှိလှပါသည်။ ရွာတွင်နှစ်စဉ်ကျင်းပလျှက်ရှိသော သမိုင်းဝင် ကျိုက်ကိုးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယဘုရားပွဲတော်ကိုလည်း တပေါင်းလပြည့်နေ့တွင် စည်ကားသိုက်မြိုက်စွာကျင်းပလျှက်ရှိပါသည်။ ပကွန်မြောက်ပိုင်း တွင်တည်ထားကိုးကွယ်လျှက်ရှိသော ကိုးတောင်ပြည့်စေတီတော်မြတ်ကြီးတွင် လည်းနစ်ပေါင်း များစွာပဌာန်းပူဇော်ပွဲနှင့်ဗုဒ္ဓပူဇနီယပွဲသံဃာတော်များဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကိုလည်းယခု အချိန်ထိနစ်ပေါင်းလေးဆယ်တိုင်အောင်ကျင်းပပြုလုပ်ခဲ့ကြပါသည်။

ပါဝင်ဆွေးနွေးသူ ကျား ( ၄ )ဦး၊ မ( ၄ )ဦး

ဦးဆောင်ဆွေးနွေးသူ ဦးကျော်ခိုင်

၂၀၁၈ ခုနှစ်　　　　ခနဖြူမြို့နယ်

## ပကွန်ကျေးရွာ၏ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)

### အကျဉ်းချုပ်


| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာသမိုင်းကြောင်း (Village History) | ၅.၈.၂၀၁၉ | ကျေးရွာအကြောင်းကိုသိသောရပ်မိရပ်ဖ (အမျိုးသား၊သမီး)များ ကျေးရွာအုပ်ချုပ်ရေးမှူး | ၄ | ၃ | ၇ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများကိုရွာသူရွာသားများနှင့်အတူဆွေးနွေး၍အများသဘောတူဆုံးဖြတ်သတ်မှတ်ခြင်း။ |
| ၂ | ကျေးရွာလူမှုရေး၊ စီးပွားရေး အရင်းမြစ်ပြမြေပုံ (Social and Resource Map) | ၅.၈.၂၀၁၉ | ကျေးရွာသူ/သားများနှင့် မြေပုံရေးဆွဲတက်သူ ကော်မတီဝင်အချို့နှင့် ကျေးရွာကြောင်းကိုနံ့နံ့စပ်စပ်သိသောလူငယ်လေးများ | ၁၀ | ၁၀ | ၂၀ | ကျေးရွာစီးပွားရေးအရင်းအမြစ်များ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ သောက်သုံးရေ ရရှိမှု၊ ပညာရေး၊ကျန်းမာရေးလိုအပ်ချက်၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးနိုင်မှုများကိုဆွေးနွေးခြင်း။ |
| ၃ | ရာသီခွင်ပြက္ခဒိန် (Seasonal Calendar) | ၅.၈.၂၀၁၉ | ကော်မတီဝင်များ(ကျား၊မ)တောင်သူလယ်သမား၊ လက်လုပ်လက်စား၊ ဈေးသည်များနှင့်လယ်လုပ်သားများ (အမျိုးသား၊အမျိုးသမီး) | ၁၂ | ၉ | ၂၁ | ကျေးရွာတွင် ရာသီအလိုက်လုပ်ကိုင်ဆောင်ရွက်နေသော အလုပ်အကိုင်များ၊ ဝင်ငွေရရှိမှုများ၊ နှင့် ပွဲတော်ရက်များအကြောင်း ဆွေးနွေးခြင်း |
| ၄ | ချမ်းသာကြွယ်ဝမှု အဆင့်ခွဲခြင်းဥပမာပြဇယား (Wealth Ranking) | ၅.၈.၂၀၁၉ | ကျေးရွာသူ/သားများနှင့် အုပ်ချုပ်ရေးမှူး၊ ကော်မတီဝင်များ | ၁၀ | ၁၀ | ၂၀ | ကျေးရွာအတွင်းရှိဉစ္စာနေပိုင်ဆိုင်မှုအား အဆင့်ခွဲခြင်း။ |
| ၅ | အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ (Venn Diagram) | ၅.၈.၂၀၁၉ | ကျေးရွာအတွင်းရှိအဖွဲ့စည်းများ၊ ကျေးရွာသူ၊ကျေးရွာသားများ | ၈ | ၅ | ၁၃ | ကျေးရွာအတွင်းရှိ လက်ရှိဖွဲ့စည်းထားသောအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီးလုပ်ဆောင်နေပုံအား ဆွေးနွေးခြင်း။ |
| ၆ | ပိုင်ဆိုင်မှုအရင်းအမြစ် (Acess to control over) | ၅.၈.၂၀၁၉ | ကျေးရွာသူ/သားများ | ၁၀ | ၁၀ | ၂၀ | အမျိုးသားနှင့်အမျိုးသမီးများ ပိုင်ဆိုင်မှုအရင်းအမြစ်များ |
| ၇ | အမျိုးသား၊ အမျိုးသမီးအခြေအနေသုံးသပ်ချက်ပြမြေပုံ (Spider Web) | ၅.၈.၂၀၁၉ | ကျေးရွာသူ/သားများ | ၁၁ | ၇ | ၁၈ | ကျေးရွာအတွင်းရှိ အမျိုးသား၊ အမျိုးသမီးများ၏ ခွမ်းဆောင်ရည်အပိုင်း၊ ပညာရေး၊ အလုပ်အကိုင်၊ ခေါင်းဆောင်မှု၊ ရပ်ရေးရွာရေးပူးပေါင်းပါဝင်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများအား အမျိုးသား၊အမျိုးသမီး နှိုင်းယှဉ်ဆွေးနွေးခြင်း။ |

ပကွန်ကျေးရွာ၏ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)

အကျဉ်းချုပ်

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၈ | ကျေးရွာ၏ (၅) နှစ်စာ ဦးစားပေး ဖွံ့ဖြိုးရေးအစီအစဉ် (Metric Ranking) | ၅.၈.၂၀၁၉ | ကျေးရွာသူ/သားများ၊ ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ။ | ၇၉ | ၈၈ | ၁၆၈ | ကျေးရွာအတွက်လိုအပ်သော အဆောက်အဦးပိုင်းဆိုင်ရာနှင့် စီးပွားရေး၊လူမှုရေးနှင့်ကျန်းမာရေး အတွက် လုပ်ဆောင်ချင်သော လုပ်ငန်းများ၊ လုပ်ဆောင်မည့်သူများအား ကြိုတင်ဆွေးနွေးခြင်း။ |
| ၉ | ကျေးရွာအုပ်စု၏ ဖွံ့ဖြိုးရေး အစီအစဉ်ပြဇယား (VTDP) | ၁၀.၉.၂၀၁၉ | ကျေးရွာအုပ်စု ကော်မတီဝင်များ။ | ၁၈ | ၁၂ | ၃၀ | ကျေးရွာအုပ်စုအတွက် ပိုမို၍အရေးကြီးသော လုပ်ငန်းများကို ဦးစားပေးအဆင့်သတ်မှတ်ကာ အရင်ဆုံးပြုလုပ်ရန် ဆွေးနွေးခြင်း။ |

## ၁။ဓနဖြူမြို့နယ်၊ပကွန်ကျေးရွာအုပ်စု၊ပကွန်ကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံသုံးသပ်ချက်။



### ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး ဓနဖြူမြို့နယ် အဓ္ဓရှဘက်ကမ်း ပကွန်ကျေးရွာအုပ်စု တွင်တည်ရှိပါသည်။ကျေးရွာတွင်အမျိုးသား(၅၁၄)ဦးနှင့်အမျိုးသမီး(၅၅၆)ဦးတို့ဖြင့် အိမ်ထောင်စု(၂၈၂)စုဖြင့်နေထိုင်ကြသည်။ ပကွန်ကျေးရွာသည် ဒကာယ်ချောင်းရိုးနှင့်တိုက်ကြီးမြို့နယ်နှင့်ထိစပ်နေသောချောင်းမကြီး၏အလယ်တွင်တည်ရှိပါသည်။ ရွာတွင်းသို့ရောက်ရန်ချောင်းရိုးရှိပြီး ကွန်ကရစ်တံတားဖြင့်ဖြတ်သန်းသွားလာရသည်။ ဗမာလူမျိုးများနေထိုင်ကြပြီး ဗုဒ္ဓဘာသာကိုးကွယ်ကြပြီးဘုရားစေတီပုထိုးများလည်းရှိပါသည်။ အဓိကအသက်မွေးဝမ်းကြောင်းမှာ လယ်ယာစိုက်ပျိုးရေးနှင့်တံငါလုပ်ငန်းများလည်းလုပ်ကိုင်ကြသည်။မိုးတွင်းအခါရေနစ်ခြင်းကြောင့်စပါးများ ပျက်စီးမှုကြုံ တွေ့ရပါသည်။

လမ်းပန်းဆက်သွယ်ရေး

ပကွန်ကျေးရွာလမ်းပန်းဆက်သွယ်ရေးတွင်လမ်းမကြီးသည်ကိုယ်ထူကိုထကွန်ကရစ်လမ်းနှင့်အုတ်ခေါင်းစီကွန်ကရစ်လမ်းများဖြစ်ပါသည်။လမ်းများခင်းခဲ့သည်မှာကြာပြီဖြစ်သောကြောင့်ပေါက်ပြဲခြင်းပျက်စီးခြင်းများရှိပါသည်။မိုးတွင်းရေကြီးနစ်မြုပ်ချိန်တွင်စက်လှေများဖြင့်သွားလာရပါသည်။ ပကွန်အုပ်စုရွာမမှစံကင်းအုပ်စုနှင့်ချိတ်ဆက်ထားသောလမ်းသည် ကျောက်ကြမ်းလမ်းဖြစ်သောကြောင့်သွားလာရေးခက်ခဲပါသည်။

သောက်သုံးရေ

ပကွန်ကျေးရွာတွင်မိုးတွင်းအခါတွင် မိုးရေကိုခံယူ၍သောက်သုံးရပါသည်။ နွေအခါတွင်ဘုန်းကြီးကျောင်းသောက်ရေကန်များမှရေများကိုခပ်ယူ၍သောက်သုံးရပါသည်။ အဝီစိတွင်းများရှိသော်လည်းရေများမှာအနံ့အသက်မကောင်းသောကြောင်းသောက်သုံး၍မရပါ။

ပညာရေး

ပကွန်ကျေးရွာတွင် ပညာရေးအတွက်ရွာတွင်မူလတန်းကျောင်းရှိသောကြောင့် ပညာသင်ကြားရေးအတွက်အဆင်ပြေသည်။ ၄တန်းအောင်ပါက ရွာတွင်မရှိသောကြောင့်စံကင်းကျောင်းများသို့ သွားရောက်စာပေသင်ကြားရပါသည်။ ရွာမှာလမ်းမကောင်းသောကြောင့်စံကင်း၌ထား၍စာပေ သင်ကြားရပါသည်။

ကျန်းမာရေး


ပကွန်ကျေးရွာတွင်ကျေးလက်ကျန်းမာရေးသွားဖွားဆရာမရှိပါသည်။ ဆရာမသာရှိ၍ဆေးခန်းသည်အိမ်တွင်သာပြုလုပ်နေရသောကြောင့်ကျန်းမာရေးဆောင့်ရှောက်မှုတွင်အဆင်မပြေမှုများကြုံရပါသည် ။ကျန်းမာရေးမကောင်းလျှင်ရွာရှိ ကျေးလက်ဆေးပေးခန်းတွင် သွားရောက်၍ကုသကြရပါသည်။ အရေးပေါ်အခြေအနေများတွင်ဓနုဖြူမြို့ဆေးရုံသို့လာရောက်ရပါသည်။

ပြဿနာအနှပ်ချုပ်

ပကွန်ကျေးရွာတွင်ရွာလယ်လမ်းများပျက်စီးနေသောကြောင့်သွားလာရေးအဆင်ပြေမှုများကြုံတွေ့ရပါသည်။ ရွာချင်းဆက်လမ်းသည်မိုးတွင်းလမ်းများပျက်စီးသောအခါ ပညာရေး၊လူမှုရေး၊စီးပွားရေးများအခက်အခဲရှိပါသည်။ ကျန်းမာရေးအတွက် နေရာထိုင်ခင်းလုံလောက်မှု မရှိသောကြောင့်ကုသရာတွင်အခက်အခဲရှိပါသည်။

ပါဝင်ဆွေးနွေးသူ ကျား ( ၁၀ ) ဦး ၊ မ ( ၁၀ )ဦး

## ၂။ နေဖြူမြို့နယ်၊ပကွန်ကျေးရွာအုပ်စု၊ပကွန်ကျေးရွာ၏ ရာသီစွင်ပြပြက္ခဒိန် သုံးသပ်ချက်။



### ဆွေးနွေးခြင်း နှင့်ဆန်းစစ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး နေဖြူမြို့နယ် ပကွန်ကျေးရွာအုပ်စု ပကွန်ကျေးရွာ ၏အဓိက စီးပွားရေးအရင်းအမြစ်သည် လယ်ယာလုပ်ငန်းနှင့် တံငါလုပ်ငန်းဖြစ်ပါသည်။ မိုးတွင်းရေကြီး နစ်မြုပ်သောကြောင်းစပါးစိုက်ပျိုးခြင်းမရှိပါ။ တော်သလင်းသီတင်းကျွတ်လများတွင် နွေစပါးများ စိုက်ပျိုးကြပြီးပြာသိုလ၊တပို့တွဲ၊ တပေါင်းလများတွင် စပါးများပြန်လည်ရိတ်သိမ်းကြပါသည်။ ကျန်းမာရေးသည် ရာသီအကူးအပြောင်းနွေရာသီမှာတွင် ဝမ်းလျှောဝမ်းပျက် နှင့် တွင်ဖျားနာခြင်း၊ မိုးရာသီတွင်သွေးလွန်တုပ်ကွေးအဖြစ်များသည်။ဝင်ငွေများသည် သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်လများတွင် တံငါလုပ်ကိုင်ချိန်နှင့်ပြာသို၊တပို့တွဲလများတွင့်စပါးများ ရိတ်သိမ်းပြီးချိန်တွင် ပိုမိုများပြားကြပါသည်။ လမ်းပန်းဆက်သွယ်ရေးတွင်ဝါဆိုဝါခေါင်၊တော်သလင်း၊ သီတင်းကျွတ်လ များတွင်ရေကြီးခြင်းလမ်းများ ပျက်စီးနေခြင်းကြောင့်သွားလာရေး အလွန်ခက်ခဲပါသည်။ ဝါဆို၊ ဝါခေါင်၊တော်သလင်း၊ သီတင်းကျွတ်လများတွင် မိုးများရွာသွန်းသောကြောင့်မိုးရေကို သောက် သုံးကြရပြီးနွေအခါတွင် ဘုန်းကြီးကျောင်း ရေကန်မှရေများကိုခပ်ယူ၍ သောက်သုံးကြရပါသည်။ ဝါခေါင်၊ တော်သလင်းလများ တွင်ရေကြီးသော သဘာဝဘေးအန္တရာယ်ကြုံတွေ့ကြရပါသည်။ တပေါင်း၊တန်ခူး၊ကဆုန်၊နယုန်လများတွင်သာအလုပ်အားလပ်ချိန်အနည်းငယ်ရှိပါသည်။ ကျန်လ

များတွင် လယ်ယာလုပ်ငန်းများ၊ တံငါလုပ်ငန်းများလုပ်ကိုင်နေသောကြောင့် အားလပ်ချိန်နည်းပါးသည်။နွမ်းပါးသူများသည် အလုပ်အကိုင်မရှိသောကြောင့် အားလပ်ချိန်များတွင် လယ်သမားများထံမှ လုပ်အားခကြိုတင်ထုတ်ယူ၍ စားဝတ်နေရေးအတွက် ဖြေရှင်း ကြရသည်။ မိုးရာသီတွင် မိုးသက်လေပြင်းတိုက်ခတ်ခြင်းမိုးသည်းထန်စွာရွာသွန်းခြင်းများ ကြုံ တွေ့ ရသည်။

## ပြဿနာအနှစ်ချုပ်

နေ့စားလုပ်ကိုင်ကြသောသူများသည် လယ်လုပ်ကိုင်ချိန်နှင့်ရေတက်ချိန်များ တွင်သာ အလုပ်ရှိကြ သည်။ ကျေးရွာတွင်အလုပ်မရှိသောအချိန်တွင်လယ်သမားများထံမှကောက်ရိတ်ခပေးကောက်စိုက်ပေးများယူ၍ စားဝတ်နေရေးကိုဖြေရှင်းကြရပါသည်။ အမျိုးသားနှင့်အမျိုးသမီး အလုပ်လုပ်ချိန်တူသော်လည်း လုပ်အားခတူညီစွာမရရှိပါ။ သောက်သုံးရေအတွက် ရေကန်ရှိသော်လည်းကျန်းမာရေးအတွက်ကောင်းမွန်မှုမရရှိပါ။

ပါဝင်ဆွေးနွေးသူ ကျား( ၁၂ ) ဦး မ ( ၉ ) ဦး

## ၃။ နေပြည်တော်.နယ်၊ပကွန်ကျေးရွာအုပ်စု၊ပကွန်ကျေးရွာ၏ ဥစ္စာဓနကြွယ်ဝမှုဇယားသုံးသပ်ချက်

ပကွန့်ကျေးရွာ ဥစ္စာဓနကြွယ်ဝမှုဇယား ၆.၈.၂၀၁၉

| အမျိုးအစား | သတ်မှတ်ချက် | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | တိုက်ခံအိမ်၊ ယာ ဧက-၂၀ အထက်၊ စက်လှေ ဆိုင်ကယ်၊ မှန်ထောင် TV၊ ဖုန်း | ၁၁ | ၄ |
| အလယ်အလတ် | သစ်အိမ်၊ ယာ ၁၀ဧက၊ စက်လှေ၊ လှေ ဆိုင်ကယ်၊ TV၊ ဖုန်း | ၁၄၇ | ၅၂ |
| နွမ်းပါး | ဝါးအိမ်၊ လှေ၊ စက်ဘီး၊ ဖုန်း၊ ဘောက် TV ပိုက်ချ၊ တံငါလုပ်၊ | ၁၂၄ | ၄၄ |
| | စုစုပေါင်း | ၂၈၂ | ၁၀၀ |

ပါဝင်ဆွေးနွေးသူ- ကျား(၁၀)ဦး၊ မ(၁၀)ဦး

**ဆွေးနွေးခြင်း နှင့်ဆန်းစစ်ခြင်း**

ရောဝတီတိုင်းဒေသကြီး နေပြည်တော်.နယ် ပကွန်ကျေးရွာအုပ်စုပကွန်ကျေးရွာ တွင် အိမ်ထောင်စု (၂၈၂)အိမ်ရှိသည်။ချမ်းသာသောအုပ်စု ၊အလယ်အလတ်အုပ်စု ၊နွမ်းပါးသော အုပ်စုဟူ၍(၃)မျိုးရှိသည်။ချမ်းသာသောအိမ်ထောင်စု (၁၁) အိမ်ရှိပါသည်။ တိုက်ခံအိမ်၊သစ်အိမ် ၊သွပ်မိုးပျဉ်ထောင်အိမ်ဖြင့်နေထိုင်ကြပြီး လယ်ယာမြေဧက(၂၀)အထက်ပိုင်ဆိုင်ကြပြီး လယ်ယာ လုပ်ငန်းများလုပ်ကိုင်ကြသည်။လယ်ယာသုံးစက်ပစ္စည်းများ ပိုင်ဆိုင်ကြပြီး ရေကြီးသောကြောင့် စက်လှေများ၊ဆိုင်ကယ်များ၊မှန်ထောင်tvများလည်းပိုင်ဆိုင်ကြပါသည်။ ငွေကြေး အဆင်ပြေသော ကြောင့်ကျောင်းသားများကို ပညာဆုံးခန်းတိုင်သည် အထိသင်ကြားနိုင်ကြပါသည်။ အလယ်အလတ် အုပ်စုတွင်အိမ်ထောင်စု(၁၅၀)ရှိပါသည်။ အလယ်အလတ်များသည် သစ်အိမ်များ၊သွပ်မိုး ပျဉ်ထောင်အိမ်များနှင့်နေထိုင်ကြပြီး လယ်ယာ(၁၀)ဧက ပိုင်ဆိုင်ကြပြီး၊လယ်လုပ်ငန်းများ လုပ်ကိုင်ကြသည်။ လယ်ယာသုံးစက်ပစ္စည်းများ ပိုင်ဆိုင်ကြပြီး၊ ဆိုင်ကယ်များ၊စက်လှေများ၊tv၊ဖုန်းများပိုင်ဆိုင် ကြသည်။ငွေကြေး အသင့်အတင့်ရှိသော ကြောင့်ကျောင်းသား/သူများပညာဆုံးခန်းတိုင်အောင် ကျောင်းထားပေးနိုင်ကြသည်။ နွမ်းပါးသော


အုပ်စုတွင်အိမ်ထောင်စု (၁၂၇)အိမ်ရှိပါသည်။ဝါးအိမ်များ ဖြင့်နေထိုင်ကြပြီးကိုယ်ပိုင် အလုပ်အကိုင်မရှိသောကြောင့်လယ်သမားများထံတွင်နေ့စားလုပ်ကိုင်ခြင်း၊ မိုးတွင်းအခါရေကြီးချိန်တွင် တံငါလုပ်ငန်းများလုပ်ကိုင်၍အသက်မွေးကြရပါသည်။ သွားလာရေးအတွက် စက်ဘီးများလည်းပိုင်ဆိုင်ကြပါသည်။ချမ်းသာသောအိမ်ထောင်စု၊အလယ်အလတ်အုပ်စု၊ နွမ်းပါးသောအုပ်စုများတွင်ချောင်းရှိသောကြောင့် စက်တက်လှေများ၊ ရှိုးရှိုး လက်လှော်လှေများပိုင်ဆိုင်ကြသည်။ အမြဲတမ်းအလုပ်အကိုင်မရှိသောကြောင့်အခြားမြို့များသို့ သွားရောက်လုပ်ကိုင်သူများလည်း ရှိပါသည်။အလုပ်အကိုင်မရှိသောကြောင့် စားဝတ်နေရေးအတွက်လုပ်အားခကြိုတင် ငွေယူသုံးရခြင်းကြောင့်နွမ်းပါးမှုပိုမိုမြင့်မားလာသည်။

ပြဿနာအနှစ်ချုပ်

ပကွန်အုပ်စု၊ ပကွန်ကျေးရွာတွင် အဆင်ပြေသူများရှိသလို နွမ်းပါးသူများများပြားခြင်း၊ အလုပ်အကိုင်များရှားပါးခြင်းကြောင့် စားဝတ်နေရေးအဆင်မပြေသောကြောင့် အခြားမြို့နယ်များသို့ အလုပ်အကိုင်များသွားရောက်လုပ်ကိုင်ရခြင်းဖြင့် စားဝတ်နေရေး အခက်အခဲကိုဖြေရှင်းနေကြရပါသည်။

ပါဝင်ဆွေးနွေးသူ ကျား ( ၁၀ ) ဦး ၊ မ ( ၁၀ ) ဦး

## ၄။ ဓနုဖြူမြို့နယ်၊ပကွန်ကျေးရွာအုပ်စု၊ပကွန်ကျေးရွာ၏ ပင့်ကူအိမ် သုံးသပ်ချက်။



**ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း**

ဧရာဝတီ တိုင်းဒေသကြီး ဓနုဖြူမြို့နယ် ပကွန်ကျေးရွာအုပ်စု ၊ပကွန်ကျေးရွာ ပင့်ကူအိမ်သုံးသပ်ခြင်း၊အမျိုးသားအမျိုးသမီးအခြေကျသုံးသပ်ခြင်းကို ခေါင်းစဉ်ကြီး(၆)ခုဖြင့် ဆွေးနွေး ထားပါသည်။၄င်းတို့မှာ အိမ်မှုကိစ္စဆောင်ရွက်မှု၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်၊ အမွေရပိုင်ခွင့်၊ အဖွဲ့အစည်းများတွင်ပါဝင်ခွင့်၊ အလုပ်အကိုင်အခွင့်အလမ်း၊ လူမှုရေးလုပ်ငန်း များတွင် ပါဝင်ခွင့် တို့ဖြစ်ပါသည်။

**အိမ်မှုကိစ္စဆောင်ရွက်နိုင်မှု**

ပကွန်ကျေးရွာ အိမ်မှု ကိစ္စ ဆောင်ရွက်မှုတွင် အမျိုးသားများက(၃၀)ရာခိုင်နှုန်း အမျိုးသမီးများက(၈၀)ရာခိုင်နှုန်းရှိပါသည်။ အမျိုးသမီးများကအိမ်မှု ကိစ္စ ကို အမျိုးသားများ ထက်ပိုမို ၍ လုပ်ဆောင်ကြရပါသည်။ အမျိုးသားများက အပြင်အလုပ်များ လုပ်ကိုင်ရသောကြောင့် အိမ်မှု ကိစ္စဆောင်ရွက်မှု အားနည်းပါသည်။

ဆုံးဖြတ်ချက်ချပိုင်ခွင့်

ပကွန်ကျေးရွာ ဆုံးဖြတ်ချက်ချပိုင်ခွင့်၊တွင် အမျိုးသားနှင့်အမျိုးသမီး (၇၀)ရာခိုင်နှုန်း အချိုးတူညီကြသည်။ ရပ်ရေးရွာရေး နှင့် အိမ်မှု ကိစ္စဆုံးဖြတ်ချက်များကို အတူတကွ တိုင်ပင်ဆွေးနွေး ဆုံးဖြန်ကြပါသည်။

အမွေရပိုင်ခွင့်

ပကွန်ကျေးရွာ အမွေရပိုင်ခွင့်တွင် အမျိုးသားနှင့်အမျိုးသမီး (၅၀)ရာခိုင်နှုန်း အချိုးတူညီကြသည်။ ဗမာလူမျိုးများဖြစ်သောကြောင့် အမွေပေးရာတွင် တန်းတူတူညီစွာ ခွဲဝေပေးကြပါသည်။

အဖွဲ့အစည်းများတွင်ပါဝင်ခွင့်

ဆိုင်းစုကျေးရွာ အဖွဲ့အစည်းများတွင်ပါဝင်ခွင့်တွင် အမျိုးသားများက(၉၀)ရာခိုင်နှုန်း အမျိုးသမီးများက(၄၀)ရာခိုင်နှုန်း ရှိပါသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စ များကို ဆောင်ရွက်ရသောကြောင့် အဖွဲ့အစည်းများတွင်ပါဝင်မှု အားနည်းပါသည်။

အလုပ်အကိုင်အခွင့်အလမ်း

အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသားများက(၈၀)ရာခိုင်နှုန်း အမျိုးသမီးများက (၅၀)ရာခိုင်နှုန်းရှိပါသည်။ အမျိုးသားနှင့်အမျိုးသမီး တန်းတူ အလုပ်လျော့ရာ တွင်အမျိုးသမီး များက အလုပ်အကိုင်ရရှိမှုနည်းပါးကြသည်။

လူမှုရေးလုပ်ငန်းများတွင်ပါဝင်ခွင့်


ပကွန်ကျေးရွာ လူမှုရေးလုပ်ငန်းများပါဝင်ခွင့်တွင် အမျိုးသားများက(၅၀)ရာခိုင်နှုန်း အမျိုးသမီးများက(၈၀)ရာခိုင်နှုန်း ရှိပါသည်။ အမျိုးသားများကဦးဆောင်မှုရှိသော်လည်း လုပ်ကိုင် ဆောင်ရွက် ရာတွင် အမျိုးသမီးများပိုမိုများပြားကြသည်။


အနှစ်ချုပ်

ပကွန်ကျေးရွာ ပင့်ကူအိမ်သုံးသပ်ခြင်း၊အမျိုးသားအမျိုးသမီးအခြေကျသုံးသပ်ခြင်းတွင် အမျိုးသမီး များသည် အိမ်မှုကိစ္စ များသာ မိသားစုအတွက် ဆောင်ရွက် နေရပြီး အခြားနေရာများ တွင် အမျိုးသမီးများပါဝင်မှု အားနည်းနေကြောင်းတွေ့ရပါသည်။

ပါဝင်ဆွေးနွေးသူ-ကျား(၁၁)ဦး၊မ(၇)ဦး

## ၅။ ခနဲဖြူမြို့နယ်၊ပကွန်ကျေးရွာအုပ်စု၊ပကွန်ကျေးရွာ၏ ပိုင်ဆိုင်မှုသုံးသပ်ချက်။





### ဆွေးနွေးခြင်း နှင့် ဆန်းစစ်ခြင်း


ခနဲဖြူမြို့နယ်၊ပကွန်ကျေးရွာအုပ်စု၊ ပကွန်ကျေးရွာ တွင်အမျိုးသားများသည် အရင်းအမြစ်များ ဖြစ်သော ကောက်ရိတ်စက်များမောင်းခြင်း၊ လယ်ယာသုံး လက်တွန်းထွန်စက်များ ၊ ရွှေလှေစက်များ မောင်းခြင်း လုပ်ငန်းများကို အမျိုးသား များက အသုံးပြုကြပါသည်။ အမျိုးသမီး များသည် အိမ်တွင်း စက်ချုပ်ခြင်းနှင့် အထိုးပန်းထိုးလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ကိုင်းများ၊ လယ်များထွန်ယက် စိုက်ပျိုးခြင်း ဆိုင်ကယ်များ စက်ဘီးများ မောင်းနှင်ခြင်း၊တုံကင်၊ လှည်း၊ဖုန်းတို့ကို အမျိုးသားနှင့် အမျိုးသမီး နှစ်ဦးစလုံး အသုံးပြုကြပါသည်။ အရင်းအမြစ်များကို အသုံးပြုရာတွင် နှစ်ဦးစလုံးအသုံးပြုကြသော်လည်း ငွန်ဒေါင်းများ ၊ကိုင်းများ၊ လယ်ယာသုံးစက်ပစ္စည်း များ၊ လယ်၊ဆိုင်ကယ်၊လှည်း၊နွား၊လှေများကို အများဆုံးအသုံးပြုကြပြီး ပြုပြင်ခြင်း၊ ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်း များကို အမျိုးသား များက ပိုမိုထိန်းချုပ်ကြပါသည်။ အမျိုးသမီး များသည် စက်ချုပ် ၊အထိုးပန်းထိုးတို့ကဲ့သို့သော မိမိတို့တစ်ဦး တည်းလုပ်ဆောင်ရသောအလုပ်များတွင်သာ ဆုံးဖြတ်ပိုင်ခွင့်၊ ပြုပြင်ပိုင်ခွင့်၊ထိန်းချုပ်ပိုင်ခွင့်ရှိပါသည်။

### အနှစ်ချုပ်

ပကွန်ကျေးရွာ တွင် အရင်းအမြစ်များကို နှစ်ဦးစလုံးသုံးစွဲကြပြီး အရင်းအမြစ်များ ထိန်းသိမ်းရန် ပြုပြင်ခြင်း ဆုံးဖြတ်ချက်များချမှတ်ရာတွင် အမျိုးသမီးများထက် အမျိုးသားများကပိုမိုသာကြပါသည်။ အမျိုးသမီးများမှာ အသုံးပြုပိုင်ခွင့်ရှိသော်လည်း ဆုံးဖြတ်ပိုင်ခွင့်၊ထိန်းချုပ်ပိုင်ခွင့် အားနည်းပါသည်။

ပါဝင်ဆွေးနွေးသူ ကျား(၁၀) ၊မ (၁၀)ဦး

## ၆။ ခနဖြူမြို့နယ်၊ပကွန်ကျေးရွာအုပ်စု၊ပကွန်ကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ သုံးသပ်ချက်။



### ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း

ပကွန်အုပ်စုဆိုင်းစုကျေးရွာ အတွင်းတွင်ဖွဲ့စည်းထားသော အဖွဲ့အစည်း(၆)ဖွဲ့ရှိပါသည်။ ထိုအဖွဲ့များမှာ ကျေးရွာအတွင်း အုပ်ချုပ်ရေးအဖွဲ့ မြစိမ်းရောင်အဖွဲ့ လူငယ်အသင်းအဖွဲ့ ၊အမျိုးသမီးအသင်း၊ လူထုဗဟိုပြုစီမံကိန်းကော်မတီအဖွဲ့၊ ပရဟိတအဖွဲ့ ၊ဝတ်အဖွဲ့၊ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့တို့ဖြစ်ပါသည်။ ကျေးရွာပြင်ပအဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်ဆက်ဆောင်ရွက်နေသော မြို့နယ် အထွေထွေအုပ်ချုပ်ရေးအဖွဲ့ရှိပါသည်။ မြစိမ်းရောင် အဖွဲ့သည် မြို့နယ်ကျေးလက်ဦးစီး နှင့်ချိတ်ဆက်ဆောင်ရွက်ကြပါသည်။ ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ သည် မြို့နယ် ကျေးလက်ရုံး နှင့်ချိတ်ဆက်ဆောင်ရွက်လျက် သည်။ဘာသာရေး ပဌာန်းအဖွဲ့နှင့် ဝတ်အဖွဲ့ သည် ရွာတွင် ဘာသာရေးပွဲများတွင် ရွတ်ဖတ်ပူဇော်ကြပါသည်။ ကျေးရွာတွင်းရှိ လူကြီးလူငယ်အမျိုးသား အမျိုးသမီးအဖွဲ့များနှင့် ပရဟိတအဖွဲ့များသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အတူတကွ ဆွေးနွေး တိုင်ပင်လုပ်ကိုင်ကြပါသည်။

## အနှစ်ချုပ်

ပကွန်အုပ်စု ပကွန်ကျေးရွာ အတွင်းတွင်ဖွဲ့စည်းထားသော အဖွဲ့အစည်းများနှင့်ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများရှိသောကြောင့် အကြောင်းအရာ ကိစ္စများပေါ်ပေါက်လာပါက အရေးပေါ်ချိတ် ဆက်ဆောင်ရွက်နိုင်သော အဖွဲ့အစည်းများတွေ့ရှိပါသည်။

**ပါဝင်ဆွေးနွေးသူ-ကျား(၈) ဦး၊မ(၅)ဦး**

ကျေးရွာအစည်းအဝေးတွင်စီမံကိန်းလုပ်ငန်းမဲပေးရွေးချယ်နေပုံ



ကျေးရွာအစည်းအဝေးPRAဆောင်ရွက်နေပုံ



## အစည်းအဝေး မှတ်တမ်း

| | |
|---|---|
| အစည်းအဝေးကျင်းပသည့်နေရာ | ပန္နက်ကျေးရွာ၊ ဦးဝါယာမဘုန်းကြီးကျောင်း |
| အစည်းအဝေးကျင်းပသည့်အချိန် | နံနက် (၁၁:၃၀) နာရီ |
| အစည်းအဝေးကျင်းပသည့်ရက် | ၆ . ၈ . ၂၀၁၉ |
| အစည်းအဝေးကျင်းပသည့်အကြောင်းအရာ | ဥပဓိယာအကြိမ်ကြွယ်သွဲ့ကျွတ်အစည်းအဝေး |
| အစည်းအဝေးတက်ရောက်သူဦးရေ | ကျား (၇၉) ဦး၊ မ (၈၈) ဦး၊ ပေါင်း (၁၆၇) ဦး |

### ရည်ရွယ်ချက်

- မွေးမြူရေးလုပ်ငန်းများပေါ်ထွက်ပြီး ဦးတားလေးလုပ်ငန်းများ အတည်ပြုနိုင်ရန်.
- ဦးတားလေးအဆင့်ဆင့်နှင့် သတ်မှတ်ချက်၊ ရန်ပုံငွေထောက်ပံ့ငွေနှုန်းများ သိရှိနားလည်စေရန်.
- အကျိုးဝင်သောလုပ်ငန်း၊ အကျိုးမဝင်သောလုပ်ငန်းများအား နားလည်သဘောပေါက်စေရန်၊
- အကာအကွယ်နှင့်ပတ်သက်ပြီး လိုက်နာကျင့်သုံးတတ်စေရန်.
- ဆောင်ရန်၊ ရှောင်ရန်အကြောင်းကို သိရှိနားလည်ပြီး ကျေးရွာလူထုအားလုံး ပူးပေါင်း စည်းရုံးနိုင်စေရန်.

### ဆွေးနွေးချက်

လူမှုဘဏ်ကော်မတီများအား ဖြန့်ဝေလည်တန်ဆောင်ပြီး လက်တွေ့တက်နည်းပညာမှု မှန်ပုံငွေစံနှုန်းသတ်မှတ်ချက်၊ ဦးတားလေးအဆင့်ကျချယ်ခြင်းနှင့် စံနှုန်းသတ်မှတ်ချက်များကို နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားပြီးနောက် ဦးတားလေးလုပ်ငန်းများအား မဲခွဲခြင်းဖြင့် ရွေးချယ်အတည်ပြုပါသည်.

ဆက်လက်၍ အကျိုးဝင်သည့်လုပ်ငန်းနှင့် အကျိုးမဝင်သည့်လုပ်ငန်းများ အကြောင်းကိုရှင်းလင်းပြောကြား၍ အကာအကွယ်နှင့်ပတ်သက်ပြီး လိုက်နာကျင့်သုံး တတ်စေရန်ဆွေးနွေးပြောကြားပါသည်.

ထို့နောက် လူထုစည်းရုံးရေးမှူးမှ ဘောင်ချိ၊ ကျောင်းဂွန်မှူး ကိုဘဂျင်း လင်းမြော ကြား၊ ကျေးရွာ ဥက္ကဋ္ဌ၏ ဖွဲ့စည်းပုံ ဖွဲ့စည်းပါသည်။

ထို့နောက် ဦးစားပေးလုပ်ငန်းဖြစ်သည့် ရွာလယ်လမ်းမ ကွန်ကရစ်လမ်း ခင်းခြင်းအား အကျယ်တဝင့်၊ အချိန်ယူ၍ ကျေးရွာလူထုနှင့် ညှိနှိုင်းပြီး အစည်းအဝေး ကိုရွက်ဆောင်ခဲ့ပါသည်။

ဆုံးဖြတ်ချက်

ဦးစားပေးလုပ်ငန်းများမှာ (၁) ရွာလယ်လမ်းမ ကွန်ကရစ်လမ်း

(၂) မြောက်ဘက်ရွာလယ်လမ်း - ကွန်ကရစ်လမ်း

(၃) ရွာလယ်တံတား

(၄) သင်္ချိုင်းဇရပ်ဆောင်

(၅) စာသင်ကျောင်းဝိုင်း၏ခြံ

ထိုကဲ့သို့ ဦးစားပေးလုပ်ငန်း အဖြစ် ရွေးချယ်ကြပါသည်။

ကော်မတီဝင်များ ဖွဲ့စည်းရာတွင် စေတနာ့ဝန်ထမ်း၊ စာရင်းကိုင်၊ လည်ပတ်ထိန်းသိမ်းရေး သဘောပေါင်းလိုက်၍ အခြား ကော်မတီဝင်များ ပေါင်းလိုက်ပြီးပါ။

ထပ်မံ၍ လုပ်ငန်းအဖြစ် မြောက်ဘက်ရွာလယ်လမ်း ကွန်ကရစ်လမ်းခင်းခြင်း တစ်ခုသာ ထပ်တိုးပါသည်။

ကွန်ကရစ်လမ်းခင်းခြင်းအတွက် မြေယာလျှော်ကြေး ပေးရန် မလိုပါ ပြည့်စုံပါသည်

| | |
|---|---|
| အတည်ပြုသူ | မှတ်တမ်းတင်သူ |
| လက်မှတ် - (လက်မှတ်) | လက်မှတ် - (လက်မှတ်) |
| အမည် - ဦးကျော်မိုး | အမည် - ဦးအောင်မြတ်မိုး |
| ရာထူး - ဒု/ကျေးရွာဥက္ကဋ္ဌ | ရာထူး - CF |
| (ပကွန်ကျေးရွာ) | |

ပုံစံ -စ-၁ကျေးရွာအခြေခံအချက်အလက်များ(Form PC-1)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထု စည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက် များကိုစီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။စီမံကိန်းမိတ်ဆက် အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင်လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့်ဖြည့်သွင်းရမည်။ | | | |
| ကျေးရွာခေါင်းဆောင်အမည်<br>ဦးတင်ဦး | ကျေးရွာခေါင်းဆောင်၏ဖုန်းနံပါတ်<br>09- 258438480 | တာဝန်ကျဝန်ထမ်း၏အမည်<br>ဒေါ်ဇာခြည်ဝင်း | |
| ပြည်နယ်/တိုင်းဒေသကြီး<br>ဧရာဝတီ | မြို့နယ်<br>ဓနုဖြူ | ကျေးရွာအုပ်စု<br>ပုကွင်း | ကျေးရွာ<br>ပုကွင်း |

က။လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့် ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု<br>(၁)---ဗမာ----- | ၂၇၅ | ဘာသာ<br>(၁)----ဗုဒ္ဓ------- | ၂၇၅ |
| လူမျိုးစု<br>(၂)-------------- | | ဘာသာ<br>(၂)----------------- | |
| လူမျိုးစု<br>(၃)-------------- | | ဘာသာ<br>(၃)----------------- | |
| လူမျိုးစုရော<br>-------------- | | ဘာသာရော<br>----------------- | |
| အခြား<br>------------------- | | | |
| | အရေအတွက် | | |
| မသန်းစွမ်းသူ | ၅ | ဗုဒ္ဓ | ၅ |
| သက်ကြီးရွယ်အို (၆၅နှစ်နှင့် အထက်) | ၉၃ | ဗုဒ္ဓ | ၉၂ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု(၁)------မြမာ------ | ၅၄၈ | ၅၇၀ |
| လူမျိုးစု(၂)------------------ | | |
| လူမျိုးစု(၃)------------------ | | |
| အခြား | | |
| အိမ်ထောင်စု | | |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| မူကြိုကျောင်း | | တိုက်နယ်ဆေးရုံ | | စေတီ | ✓ |
| မူလတန်းကျောင်း | | ကျန်းမာရေးဌာန | | ဘုန်းကြီးကျောင်း | ✓ |
| မူလွန်ကျောင်း | | ကျန်းမာရေးဌာနခွဲ | | ဟိန္ဒူဘုရားကျောင်း | |
| အလယ်တန်းကျောင်း | | ဆေးပေးခန်း | ✓ | ခရစ်ယာန်ကျောင်း | |
| အထက်တန်းကျောင်း | ✓ | အခြား | | ဗလီ | |
| အခြား | | | | အခြား | |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ)ကျွမ်းကျင်သူများမှတ်တမ်း(ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁)စာသင်ကျောင်း | | | (၂)ကျန်းမာရေး | | | (၃)လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြ ဆရာ/မ | ✓ | ✓ | ဆရာဝန် | | ✓ | လက်သမား | ✓ | ✓ |
| အထက်တန်းပြ ဆရာ/မ | ✓ | ✓ | လက်ထောက်ကျန်းမာရေးမှူး | | | ပန်းရံ | ✓ | ✓ |
| အလယ်တန်းပြဆရာ/မ | | | အမျိုးသမီးကျန်းမာရေးဆရာမ | | ✓ | လျှပ်စစ်ကျွမ်းကျင်မီးသမား | | |
| မူကြိုဆရာ/မ | | | သားဖွားဆရာမ | | | ရေပိုက်သွယ်သူ | | |
| အခြား | | | ပြည်သူ့ကျန်းမာရေးလုပ်သား | | | စက်ပြင်ဆရာ | | |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

CamScanner

(ဃ)ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ/ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့်ဆက်သွယ်ထားသောလမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား------------------- |

(င)ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁)ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းမစတင်မှီ ဤကျေးရွာတွင် ရှိပါသည်၊မရှိပါ၊မသိပါ။

ကျေးရွာတွင်ဖွံ့ဖြိုးမှု စီမံချက်ရှိပါသလား?

(၂)ရှိခဲ့ပါလျှင်ဤစီမံချက်ကို မည်သည့်ခုနှစ်တွင် ပြင်ဆင်ခဲ့ပါသနည်း? နှစ် ၂၀၁၃ -/မသိပါ

(၃) ဤစီမံချက်ကို မြို့နယ်မှ အတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်၊မပြုပါ၊မသိပါ။

(စ)ခရီးအကွာအဝေး

(၁)ဤကျေးရွာ၏ ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ ဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်-----------/မသိပါ။

(၂)ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင် ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင် ကြာချိန် ၅ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/ဆိုင်ကယ်/အခြား---------

မိုးရာသီတွင်ကြာချိန် ၃ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/ဆိုင်ကယ်/အခြား-------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝလေးအန္တရာယ်ကျရောက်ဖူးခြင်းရှိပါသလား။

မရှိပါ ရှိပါသည် ရှိလျှင်ဖော်ပြပါ-----------------------------------

(ဈ)ကျေးရွာတွင်ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့) ရွာသားများ ကိုယ်တိုင် (သို့)စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့်အဖွဲ့အစည်းများရှိပါသလား။

(၁) ရပ်မိရပ်ဖအဖွဲ့အစည်း ၃ ဂါတရေးကူညီအထောက်အသင်း ၅ အမျိုးသမီး

(၂) ရိုးရာမျိုးရေးအဖွဲ့ ၄ လူငယ်အဖွဲ့

(ည)အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(GAP)မှ မှတ်တမ်းထားရှိပါသလား။

(မရှိပါ) ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးတင်မိုး

လက်မှတ် ---------- နေ့စွဲ ၂၂.၆.၂၀၂၃

လူထုစည်းရုံးရေးမှူး အမည် ဒေါ်တင်တင်ဝင်း

လက်မှတ် ဝင်း နေ့စွဲ ၂၂.၆.၂၀၂၃

ပုံစံ-စ-၂-စီမံကိန်းစက်ဝန်းအချိန်ဇယား(PC-2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုပြီးစီးတိုင်းကျေးရွာနှင့် ကျေးရွာ အုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူးဝန်ထမ်းအမည်- ဒေါ်တင်တင်ဝင်း | | | |
| နေ့စွဲ- ၂၂.၆.၂၀၂၃ | စက်ဝန်းအားအမှန်ခြစ်ပါ-စက်ဝန်း(၁)------ စက်ဝန်း(၂)---------စက်ဝန်း(၃)--------စက်ဝန်း(၄)---------<br>VDP စီမံကိန်း(၅)---✓------ | | |
| ပြည်နယ်/တိုင်း<br>ဧရာဝတီ | မြို့နယ်<br>ဓနုဖြူ | ကျေးရွာအုပ်စု<br>ပုဏ္ဏ | ကျေးရွာ<br>ပုဏ္ဏ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေ အတွက် | အိမ်ထောင်စု အရေ အတွက် | လူမျိုးစုတက်ရောက်သူအရေ အတွက်နှင့် လူမျိုးစုအမည် | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ကျေးရွာစီမံကိန်းမိတ်ဆက်အစည်းအဝေး | ၂၂.၆.၂၀၂၃ | ၂၂.၆.၂၀၂၃ | ၁၇၅ | ၁၀၀ | ၂၇၅ | | ၂၇၅ | ၈၂.၅% |
| ၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၂.၆.၂၀၂၃ | ၂၂.၆.၂၀၂၃ | ၁၇၅ | ၁၀၀ | ၂၇၅ | | ၂၇၅ | ၈၂.၅% |
| ၃။ကျေးရွာအုပ်စုလုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၂.၆.၂၀၂၃ | ၂၂.၆.၂၀၂၃ | ၁၇၅ | ၁၀၀ | ၂၇၅ | | ၂၇၅ | ၈၂.၅% |
| ၄။မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်းသုံးသပ်မှုအစည်းအဝေး | | | | | | | | |
| ၅။မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်း ကြားသည့် အစည်းအဝေး | | | | | | | | |

လက်မှတ်---[signature]-----------------------နေ့စွဲ----၂၂.၆.၂၀၂၃---------

၂၀၂၃ခုနှစ်

ဓနုဖြူမြို့

# ပုံစံ-စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်(Form PC-3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး၏ အမည် - | | | |
| မှန်ကန်သည် | စက်ဝန်းအား အမှန်ခြစ်ပါ ။စက်ဝန်း(၁) ------- စက်ဝန်း(၂)--------- စက်ဝန်း(၃)--------- စက်ဝန်း(၄)---------VDPစီမံကိန်း(၅)--✓-- | | |
| ပြည်နယ်/တိုင်း<br>ဧရာဝတီ | မြို့နယ်<br>ဓနုဖြူ | ကျေးရွာအုပ်စု<br>ပုကွင် | ကျေးရွာ<br>ပုကွင် |

(က) အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း-ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း။(အမျိုးသား/အမျိုးသမီး အနည်းဆုံး အခက်အခဲ(၅)ခုစီ ဖော်ပြပါ)

| အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲ အတားအဆီး များ | အမျိုးသမီးအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ |
|---|---|
| ၁။ ညအခါတွင် မီးအလင်းရောင်မရှိသဖြင့် ကျောင်းသားများစာကြည့်ရာတွင် အခက်အခဲဖြစ်ခြင်း။ | ၁။ ညအခါတွင် မီးအလင်းရောင်မရှိသဖြင့် ကျောင်းသား/သူများ စာကြည့်ရာတွင် အခက်အခဲဖြစ်ခြင်း။ |
| ၂။ တွင်းကိုက်ရေများ သောက်သုံးရသည့်အတွက် ကျန်းမာရေး ထိခိုက်နိုင်ခြင်း။ | ၂။ တွင်းကိုက်ရေများ သောက်သုံးရသည့်အတွက် ကျန်းမာရေး ထိခိုက်နိုင်ပါသည်။ |
| ၃။ ရွာတွင်းလမ်း မကောင်းသဖြင့် ဒေသထွက်ကုန်များ ပို့ဆောင်ရာတွင် အချိန်ကြာမြင့်ခြင်း။ | ၃။ ရွာတွင်းလမ်း မကောင်းသဖြင့် ဒေသထွက်ကုန်များ ပို့ဆောင်ရာတွင် အချိန်ကြာမြင့်ခြင်း။ |
| ၄။ ကျေးရွာတွင်း မြေအောက်ရေ လျော့ကျမှု ဖြစ်ပေါ်လာသဖြင့် သောက်ရေအတွက် အခက်အခဲဖြစ်ခြင်း။ | ၄။ ကျေးရွာတွင်း မြေအောက်ရေ လျော့ကျမှု ဖြစ်ပေါ်လာခြင်းကြောင့် သောက်ရေအတွက် အခက်အခဲဖြစ်ခြင်း။ |
| ၅။ ပုကွင်ကျေးရွာမှ အခြားကျေးရွာသို့ သွားလာရာတွင် ချောင်းကူးတံတား ပျက်စီးနေသဖြင့် သွားလာရန် အခက်အခဲဖြစ်ခြင်း။ | ၅။ ပုကွင်ကျေးရွာမှ အခြားကျေးရွာသို့ သွားလာရာတွင် ချောင်းကူးတံတား ပျက်စီးနေသဖြင့် သွားလာရန် အခက်အခဲဖြစ်ခြင်း။ |
| | |

CS CamScanner

ခ။မျှော်မှန်းခြင်း-နောင်လာမည့်(၅)နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးမျှော်မှန်းလျာထားချက်အားတင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြလာသော မျှော်မှန်းချက်များ | အမျိုးသမီးအဖွဲ့မှ တင်ပြလာသော မျှော်မှန်းချက်များ |
|---|---|
| ကျေးလက်စိမ်းစိမ်း ရရှိလာပါက လူနေမှုအဆင့်အတန်း မြင့်မားလာပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုး တက်လာနိုင်ပါသည်။ | ကျေးလက်စိမ်းစိမ်း ရရှိလာပါက လူနေမှုအဆင့်အတန်း မြင့်မားလာပြီး လူမှုစီးပွားဘဝ မြင့်မားလာနိုင်ပါသည်။ |
| ရေသန့်စင်စနစ် ရရှိလာပါက ကျန်းမာရေး လူမှုရေး အတွက် အဆင်ပြေနိုင်ပါသည်။ | ရေသန့်စင်စနစ်ရရှိပါ. ကျန်းမာရေး ကောင်း မွန်လာနိုင်ပါသည်။ |
| ရွာတွင်းကွန်ကရစ်လမ်း ကောင်းမွန်ပါက ဒေသ ထွက်ကုန်များကို သယ်ဆောင်နိုင်ပြီး၊ သွားလာရာတွင် အဆင်ပြေလွယ်ကူနိုင်ပါသည်။ | ရွာတွင်းကွန်ကရစ်လမ်း ကောင်းမွန်ပါက ဒေသ ထွက်ကုန်များကို သယ်ဆောင်နိုင်ပြီး သွားလာရာတွင် အဆင်ပြေလွယ်ကူနိုင်ပါသည်။ |
| မြေသားရေကန်ပြုပြင်နိုင်ပါက သောက်ရေအတွက် လုံလောက်မှုရရှိလာနိုင်ပါသည်။ | မြေသားရေကန်ပြုပြင်နိုင်ပါက သောက်ရေ အတွက်လုံလောက်မှုရရှိကာ နိုင်ပါသည်။ |
| ရွာချင်းဆက်ချောင်းကူးတံတားပြုပြင်ပါက ခရီးသွားလာရာတွင် အဆင်ပြေလွယ်ကူနိုင် ပါသည်။ | ရွာချင်းဆက်ချောင်းကူးတံတားပြုပြင်ပြီး က ခရီးသွားလာရာနှင့် ဒေသထွက်ကုန်သီးနှံများကို သယ်ဆောင်ရာတွင် အဆင်ပြေနိုင်ပါသည်။ |
| | |

ဂ။လူထုစီမံကိန်း၏လာမည့်(၄)နှစ်အတွက် အကျုံးဝင်သောဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအစီအစဉ် များအား ဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုး တက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသား (သို့)အမျိုးသမီး) | ခန့်မှန်း ကုန်ကျငွေ | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကျေးလက်စိမ်းစိမ်းလင်းရေး | ကျား + မ | | |
| ၂ | ရေသန့်စင်စနစ် | ကျား + မ | | |
| ၃. | ရွာတွင်းကွန်ကရစ်လမ်း | ကျား + မ | | |
| ၄. | မြေသားရေကန် ပြုပြင်ခြင်း | ကျား + မ | | |
| ၅. | ရွာချင်းဆက်ချောင်းကူးတံတားပြုပြင်ခြင်း | ကျား + မ | | |
| | | | | |

ဃ။လူထုစီမံကိန်း၏ လာမည့်(၄)နှစ်အတွက် အကျုံးမဝင်သော ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များအား ဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက်ဦးစားပေး ဖွံ့ဖြိုးတိုးတက် မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသား (သို့)အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

ခေါင်းဆောင်ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည်- ဦးတင်မို ------------ လက်မှတ်- [signature] ------------ နေ့စွဲ- ၂၂.၆.၂၀၂၃

၂၀၂၃ခုနှစ်

နေပြည်တော်

## ပုကွန်ကျေးရွာအုပ်စုပုကွန်ကျေးရွာ၏ကဏ္ဍအလိုက်ဦးစားပေးလုပ်ငန်းအချုပ်ဇယား

| ကဏ္ဍ | ဦးစားပေး အဆင့် | လုပ်ငန်းအမျိုးအစား | အဆိုပြု(အမှန်ခြစ်ရန်) ကျား | မ | ကျား+မ | ခုနှစ် | ထောက်ပံ့မည့် အဖွဲ့အစည်း(သို့)ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦ ကဏ္ဍ(လမ်း/တံတား/ ရေရရှိရေး/မီးလင်းရေး) | ၁ | လျှပ်စစ်မီးလင်းရေးလုပ်ငန်း | | | √ | ၂၀၂၃-၂၀၂၄ | ကျေးလက်ဦးစီးဌာန | |
| | ၂ | Mobile solarရေသန့်စင်စနစ် | | | √ | ၂၀၂၄-၂၀၂၅ | ကျေးလက်ဦးစီးဌာန | |
| | ၃ | ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | | | √ | ၂၀၂၅-၂၀၂၆ | ကျေးလက်ဦးစီးဌာန | |
| | ၄ | မြေသားရေကန်ပြုပြင် | | | √ | ၂၀၂၆-၂၀၂၇ | သက်ဆိုင်ရာဦးစီးဌာန | |
| | ၅ | ရွာချင်းဆက်ချောင်းကူးတံတား | | | √ | ၂၀၂၈-၂၀၂၉ | သက်ဆိုင်ရာဦးစီးဌာန | |
| လူမှုစီးပွားရေးကဏ္ဍ (ပညာပေး/ကျန်းမာရေးနှင့် ဆိုင်သော အဆောက်အဦများနှင့် အခြားလိုအပ်ချက်များ) | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | အလယ်တန်းကျောင်း ဆောင်သစ်တည်ဆောက်ခြင်း | | | √ | ၂၀၂၇-၂၀၂၈ | သက်ဆိုင်ရာဦးစီးဌာန | |
| သက်မွေးဝမ်းကြောင်းကဏ္ဍ (စိုက်ပျိုးရေး/မွေးမြူရေးနှင့် ဆိုင်သော အဆောက်အဦများနှင့် အခြားလိုအပ်ချက်များ) | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| သဘာဝဘေးအန္တရာယ် လျော့ပါးရေးကဏ္ဍ | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| အခြားကဏ္ဍ(ဌာနဆိုင်ရာများ သို့လွှဲပြောင်းနိုင်ခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိသော လုပ်ငန်း | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | တကယ်ချောင်းပြုပြင် | | | √ | ၂၀၂၉-၂၀၃၀ | သက်ဆိုင်ရာဦးစီးဌာန | |

၁၀ ၊ ၃ ခုနှစ်

ဝန်ပြုမြို့

| ပုကွန်ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများ၏<br>အိမ်ခြေ၊အိမ်ထောင်စု၊လူဦးရေစာရင်း | | | | | |
|---|---|---|---|---|---|
| စဉ် | ကျေးရွာအမည် | အိမ်ခြေ | အိမ်ထောင်စု | လူဦးရေ | မှတ်ချက် |
| ၁ | ပုကွန် | ၂၇၅ | ၂၇၉ | ၁၁၁၈ | |
| ၂ | ကျိုက်ပါ | ၂၄ | ၂၄ | ၁၁၆ | |
| ၃ | မဲမနိုင် | ၇၂ | ၇၂ | ၃၇၀ | |
| ၄ | ဘုရားကုန်း | ၁၉ | ၁၉ | ၁၀၃ | |
| ၅ | ဘိုးထွေးကုန်း | ၁၄ | ၁၄ | ၆၅ | |
| ၆ | ပိန်းဆိပ် | ၅၉ | ၅၉ | ၂၄၉ | |
| ၇ | အညာစု | ၄၃ | ၄၃ | ၂၂၉ | |

CamScanner